# နှင်းဆီပန်းတစ်ပွင့်ပေးပါ



ကျွန်တော်၏ သူငယ်ချင်း ဘရူ(စ)သည် လူမှုဝန်ထမ်းဌာနမှ အရာရှိတစ်ဦးဖြစ်သည်။ နွေရာသီတစ်နေ့တွင် သူသည် သူ၏ ပန်းခြံမှ နှင်းဆီပန်းတစ်ပွေ့စာလောက်ညှပ်ပြီး ယင်းတို့ကို ဆင်းရဲနွမ်းပါးသော နယ်မြေသို့ ယူဆောင်သွားခဲ့ပါသည်။ သူသည် ပန်းအချို့ကို မျက်မမြင်အမျိုးသမီးတစ်ဦးအား ပေးလိုက်ရာ သူမက နှင်းဆီပန်းကို တရှိုက်မက်မက်နမ်းလိုက်ရင်း "ဒီပတ်ဝန်းကျင်က အနံ့အသက်တွေနဲ့ ကွာခြားလိုက်တဲ့ အနံ့အသက်ပါလား" ဟု သူမက တအံ့တသြ ရေရွတ် ပြောဆိုလိုက်သည်။

ဘရူ(စ)နောက်ဆုံး သွားရောက်လည်ပတ်သည့်အိမ်မှာ ယခုခေတ် ပြဿနာတက်နေသည့် မိသားစုဟု ခေါ်ဝေါ်ကြသော အိမ်ပင်ဖြစ်သည်။ အကြီးဆုံးသမီးမှာ (၂)နှစ် ခံဝန်ချက်ဖြင့် နေနေရပါသည်။ ဘရူ(စ)သည် သူမအား နောက်ဆုံး နှင်းဆီပန်းကို ကမ်းပေးသောအခါ သူမက သုန်သုန်မှုန်မှုန်ဖြင့် စိုက်ကြည့်နေပါသည်။ သူအံ့အားသင့်ရသည်မှာ သူမသည် နှင်းဆီပန်းကို ဆတ်ကနဲ လှမ်းယူလိုက်ပြီး သူမ ပါးနားမှာကပ်၍ ဆုပ်ကိုင်ထားပါသည်။ သူမက "ကျွန်မကို အရင်တုန်းက နှင်းဆီပန်း ဘယ်သူမှ မပေးဘူး" "ဒီပန်းကိုဒီလို နီးနီးကပ်ကပ် တစ်ခါမှ မတွေ့ဖူးဘူး" ဟု ပြောခဲ့သည်။

သူ၏လက်ဆောင်ကို မိန်းကလေးက ကိုင်လိုက်သောအခါ ကျွန်တော်၏ သူငယ်ချင်းသည် မြတ်နိုးပီတိဖြစ်ခဲ့ရပါသည်။ "ငါ့နှလုံးသားထဲမှာ ဒီမိန်းကလေးကို ကရုဏာသက်မိတယ်"ဟု သူက ကျွန်တော့်ကို ပြောခဲ့ပါသည်။ "တကယ်လို့များ စောစောပိုင်းက တစ်ဦးတစ်ယောက်ယောက်ဟာ ဒီမိန်းကလေးကို နှင်းဆီတစ်ပွင့်ပေးဖို့ သတိရခဲ့မယ်ဆိုရင် သူမ ဘဝဟာ ဘယ်လိုခြားနားမှုတွေ ဖြစ်လာနိုင်ခဲ့မလဲလို့ ငါတွေးမိတယ်ကွာ"ဟုလည်း ထပ်လောင်းပြောလိုက်ပါသည်။

တစ်ခါတစ်ရံ အခြားသူ၏ ဘဝသို့ ပျော်ရွှင်မှုနှင့် လှပမှုတို့ကို ယူဆောင်လာရန်အတွက် အနည်းငယ်မျှသာလိုပြီး ယင်းက များစွာသော ခြားနားမှုကို ဖြစ်စေပါသည်။

Francis Gay

အရာရာသည် မှားယွင်းပြီး
အခြေအနေမှာ
မျှော်လင့်အားရဖွယ်မရှိဖြစ်ချိန်
သင်သည်
မဖြတ်ကျော်နိုင်ဟု ခံစားရလျှင်
မှိုင်တွေမနေပါနှင့်။
သင့်ထက်အခြေအနေပိုဆိုးသူတစ်
ယောက်ကိုသွား၍ကြည့်ပါ။
ရွှင်လန်းတက်ကြွသည့်
စကားလေး တစ်ခွန်း၊
ပျော်ရွှင်ဝမ်းမြောက်သည့်အပြုံး၊
အကူအညီဖြစ်စေသည့်
အလုပ်လေးတစ်ခု
ထိုအခါ ဘဝအသက်တာက
တန်ဖိုးရှိဆဲဖြစ်ကြောင်း
လိုအပ်နေသော
မိတ်ဆွေတစ်ဦးအား
ကူညီလိုက်သည့်အခါ
သင်သိရမှာ။

## အရေးအကြီးဆုံး မေးခွန်း

ကျွန်မသည် သူနာပြုသင်တန်းကျောင်း တက်ရောက်စဉ် ဒုတိယမြောက်လတွင် ကျွန်မတို့၏ ပါမောက္ခက ခေတ်ပေါ် ဉာဏ်စမ်း ပဟေဠိတစ်ခုကို မေးခဲ့ပါသည်။ ကျွန်မသည် အသိတရားပြည့်ဝသော ကျောင်းသူတစ်ဦးဖြစ်ပြီး နောက်ဆုံးမေးခွန်းမတိုင်မီအထိ ထိုမေး ခွန်းများမှာ ကျွန်မအတွက် အလွယ်ကလေးဖြစ်သည်။ ထိုမေးခွန်းမှာ "ဤကျောင်းကို သန့်ရှင်းရေးလုပ်သော အမျိုးသမီး၏ နာမည်မှ ပထမအမည်မှာ အဘယ်နည်း။?

ယင်းမှာ အကယ်စင်စစ် ရယ်စရာမေးခွန်းတစ်မျိုးပင်ဖြစ်သည်။ ကျွန်မသည် သန့်ရှင်းရေးလုပ်သည့် အမျိုးသမီးကို အကြိမ်ပေါင်းများစွာ မြင်တွေ့ခဲ့ဖူးပါသည်။ သူမသည် အရပ်ရှည်သည်။ ဆံပင်မှာ အနက်ရောင်ဖြစ်ပြီး အသက် (၅၀)ကျော်အရွယ်ဖြစ်သည်။ သို့သော် သူမ၏နာမည်ကို ကျွန်မ မည်ကဲ့သို့ သိနိုင်ပါမည်နည်း?။ ကျွန်မသည် နောက်ဆုံးမေးခွန်းကို ချန်ထားပြီး ကွက်လပ်သာထားခဲ့ပါသည်။

အတန်းမပြီးဆုံးမီ ကျောင်းသားတစ်ဦးက နောက်ဆုံးမေးခွန်းကို ကျွန်မတို့၏ ဉာဏ်စမ်းပဟေဠိ ကျွမ်းကျင်မှုအဆင့်တွင်ထည့်၍ ရေတွက်ပါမည်လားဟုမေးရာ ပါမောက္ခက "ဟုတ်တာပေါ့" ဟု ပြန်ဖြေခဲ့ပါသည်။ " မင်းတို့ရဲ့ အလုပ်သက်တမ်းမှာ မင်းတို့ဟာ လူများစွာကို တွေ့ရလိမ့်မယ်။ အားလုံးဟာ အရေးပါတဲ့လူဖြစ်တယ်။ မင်းတို့ဟာ ပြုံးပြပြီး "ဟဲလို"ဟုဆိုပြီး စကားတစ်ခွန်းထဲသာ နှုတ်ဆက်နိုင်သည့်တိုင် သူတို့ဟာ မင်းတို့ရဲ့ အလေးထားမှုနဲ့ ဂရုစိုက်ခြင်းကို ခံထိုက်တယ်"။

ကျွန်မသည် ထိုသင်ခန်းစာကို ဘယ်သောအခါမျှ မမေ့တော့ပါ။ သူမ၏ နာမည်သည် ဒေါ်ရသီဖြစ်သည်ကိုလည်း ကျွန်မသည် သိခဲ့ရပါသည်။

Joann C.Jones

## "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်" (ဝတ်ပြု ၁၉း၁၈)

ချမ်းသာသောသူများက ငွေကြောင့်ရနိုင်သောအရာကို ကျွန်ုပ်သည် ဆင်းရဲသောသူများအား ချစ်ခြင်းမေတ္တာကြောင့် ပေးကမ်းနိုင်ဖို့ ကြိုးစားသည်။ ကျွန်ုပ်သည် အနာကြီးရောဂါသည်တစ်ဦးအား စတာလင်ပေါင်းများစွာရသည့်တိုင် မတို့ထိသော်လည်း ဘုရားသခင်၏ မေတ္တာတော်ကြောင့် ထိုသူကို လိုလားသောစိတ်နှင့် ကုသပေးပါသည်။ မာသာထရီဇာ (၁၉၁၀-၁၉၉၇)

အခြားသောသူများအတွက် သင်လုပ်ပေးနိုင်သော အံ့သြဖွယ် အကောင်းဆုံးအရာမှာ ဘုရား၏ မေတ္တာကို ပေးကမ်းခြင်းပင်ဖြစ်သည်။ သင်၏ မေတ္တာသည် ကုန်ခမ်းသွားနိုင်ပြီး ဘယ်သောအခါမျှ လုံလောက်မည်မဟုတ်။ သို့သော် သင်သည် ၎င်းတို့အား ဘုရားသခင်၏ မေတ္တာကို မည်ကဲ့သို့ ရနိုင်မည်၊ ယေရှုခရစ်တော်နှင့် သူ၏ ထာဝရအသက်ကို မည်ကဲ့သို့ ရနိုင်မည်၊ ၎င်းတို့၏ နှလုံးသားအတွင်း၌ ထာဝရမေတ္တာကို မည်သို့ ရနိုင်မည်တို့ကို ရှင်းပြခဲ့ပြီးပြီဟု ဆိုလျှင် ဘုရားမေတ္တာသည် ၎င်းတို့အား ထာဝရ ထောက်မထားမည်ဖြစ်ပြီး ၎င်းကို ထုတ်ယူသုံးစွဲသည့်အခါတိုင်း အကူအညီတစ်ခု ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် သင်သည် အခြားသူတစ်ယောက်ထံ လက်လှမ်းပြီး မေတ္တာကို မည်ကဲ့သို့ ပြသရမည်ကို စဉ်းစားနေလျှင် ထိုသူက မိမိကိုယ်ကို အားကိုးပြီး မိမိကိုယ်ကို ထိန်းနိုင်သောသူဖြစ်သည့်တိုင် ဘုရားသခင်ကို ယုံကြည်ပါသလား (သို့) ဘုရားသခင်အကြောင်း ပို၍ သိလိုပါသလားဟူ၍သာမေးပါ။ သူတို့သည် အမြဲတမ်း ခရစ်တော်ထံ ဆုတောင်းပါသလား (သို့) ဆုတောင်းလိုပါသလားဟုသာမေးပါ။ သူတို့၏ အသက်တာ၌ မေတ္တာကို ပို၍ ရရှိလိုပါသလားဟုမေးပါ။ ထို့နောက် ယေရှုခရစ်တော်သည် ၎င်းတို့ထံ မည်သို့ဝင်ရောက်လာနိုင်ပြီး ၎င်းတို့ကို နောက်ထပ် မေတ္တာများ ပေးနိုင်ကြောင်း ပြောပြပါ။ ဤသည်မှာ မည်သူ့ကိုမဆို မေတ္တာကို ပြသရန် အံ့သြဖွယ်ရာအကောင်းဆုံးနှင့် ကြာရှည်အခံဆုံးနည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ထိုသူတို့အား ဘုရား၏ မေတ္တာကို ကြိုးစား၍ ပေးပါ။

David Brandt Berg